# မေလ ၂၀၁၇ ခုနှစ်၊ တစ်လအတွင်းသုံးသပ်ချက်

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၇ ခုနှစ်၊ မေလကုန်တွင် မြန်မာနိုင်ငံ တွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၂၄၉ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၄၀ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၈၇ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရ ကာ ၁၂၂ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရ သည်။



ဓာတ်ပုံ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ မေလ

**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

[အေအေပီပီ၏ အင်တာနက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ](http://www.aappb.org)

အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏ တွစ်တာစာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

မေလအတွက် ဆောင်းပါးများကို AAPP ၏ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုနိုင်ပါသည်.

# တစ်လအတွင်းသုံးသပ်ချက်

**********************************

မေလ ၂၄ ရက်နေ့တွင် ထုတ်ပြန်သော သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် နိုင်ငံရေးအကျဉ်းသား ၈၉ ဦး လွတ်မြောက်လာခြင်း အတွက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ လွန်စွာ ဝမ်းမြောက်မိပါသည်။ ၎င်းတို့ လွတ်မြောက်လာခြင်းကို AAPP မှ ကြိုဆိုသော်လည်း နိုင် ငံရေးအကျဉ်းသား (၄၀) ဦးမှာ ထောင်တွင်းတွင် ဆက်လက် အကျဉ်းကျခံ နေရ ဆဲဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားတစ်ဦးကျန်ရှိလျှင်တောင် မြန်မာနိုင်ငံသည် စစ်မှန်သော ဒီမိုကရေစီရရှိမည်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် AAPP မှ အစိုးရအား နိုင်ငံရေးအကျဉ်းသား အားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန် တိုက်တွန်း ပါသည်။

**********************************

မေလတွင်းတွင် လယ်သမား ၂၀ ဦး၊ လယ်သမားအရေးလှုပ်ရှားသူ တစ်ဦး၊ အလုပ်သမားအရေးလှုပ်ရှားသူ တစ်ဦး၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် နှစ်ဦးအပါအဝင် စုစုပေါင်း ၂၄ ဦး ဖမ်းဆီးခံခဲ့ရသည်။ မေလတွင်း ၂၁ ဦး ပြစ် ဒဏ်ချမှတ်ခံခဲ့ရသည်။ ထို ၂၁ ဦးသည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် (ငြိမ်း၊စု၊စီ) ဥပဒေ၊ ပုဒ်မ ၁၉ ဖြင့် ကျောင်းသား လေးဦး ၊ ပုဒ်မ ၆၆(ဃ) ဖြင့် နှစ်ဦး၊ လယ်သမား ၁၄ ဦး၊ အလုပ်သမားအရေးလှုပ်ရှားသူ တစ်ဦးတို့ဖြစ်ကြသည်။ မေလတွင်း သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် တိုင်းရင်းသားများ၊ လယ်သမားများ၊ တက်ကြွလှုပ်ရှားသူများ အပါအဝင် ၈၉ ဦး လွတ်မြောက်လာခဲ့သည်။ မေလတွင်း မန္တလေး ကျောင်းသားတစ်ဦး၊ လယ်သမား ၁၀ ဦး၊ အရပ်သား နှစ်ဦးအပါအဝင် ၁၃ ဦး တရားစွဲဆိုခံခဲ့ရသည်။ နိုင်ငံရေးအကျဉ်းသားသုံးဦးဖြစ်သည့် ကိုစိုင်းတင်မင်းထွန်း နှင့် ကိုဇော်သက်အောင် ခေါ် ကိုကတုံး နှင့် ကိုလဖိုင်ဂမ်တို့မှာမူ ကျန်းမာရေး ဆိုးရွားလျက်ရှိကြောင်းသိရှိရသည်။

တိုင်းရင်းသားဒေသများတွင် နေထိုင်ကြသူများသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ဆက်နွယ်သည်ဟူသော သံသယဖြင့် ဆက်လက် ဖမ်းဆီး၊ ထိန်းသိမ်းခံနေရဆဲဖြစ်သည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ကချင်ပြည်နယ်၊ မုံးကိုးမြို့နယ်၌ မတရားအသင်း အက်ဥပဒေ ၁၇(၁)၊ ၁၇(၂) ဖြင့် ဖမ်းဆီးခံခဲ့ရသော ကချင်သင်းအုပ်ဆရာနှစ်ဦးဖြစ်သူ ဦးဒွယ်ဒွေါ်နောင်လတ်နှင့် ဦးဂျော်ဂမ်ဆိုင်းတို့အား မူဆယ်မြို့နယ်ရဲစခန်းမှ လားရှိုးအကျဉ်းထောင်သို့ ပြောင်းရွှေ့ခဲ့သည်။ မေလ ၉ ရက်နေ့တွင် ၎င်းတို့အား လားရှိုးမြို့ နယ်တရားရုံး၌ ပြောင်းရွှေ့၍ ရုံးထုတ်ခဲ့သည်။ သို့သော်လည်း တရားလိုသက်သေများ လာရောက်ခြင်းမရှိသောကြောင့် ရုံးချိန်း အား မေလ ၁၇ ရက် နေ့သို့ ပြောင်းရွှေ့ခဲ့သည်။ ရခိုင်လူငယ် တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူ အန်းသားကြီး ခေါ် ကိုသန်းရွှေသည် ဧပြီ ၁၀ ရက်နေ့တွင် ကျရောက်သော ရက္ခိုင့်တပ်မတော် (AA) တည်ထောင်သည့် ရှစ်နှစ်ပြည့်နေ့၌ ဟောပြောပွဲတစ်ရပ် ကျင်းပ ပြုလုပ်ခဲ့ပြီး "လွတ်လပ်ရေးမှအပ အခြားမရှိ" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သောကြောင့် ဝရမ်းထုတ်ခံထားရကြောင်း မြောက်ဦး မြို့နယ် ရဲတပ်ဖွဲ့မှ ပြောကြားခဲ့သည်။ မြောက်ဦး အခြေစိုက် ခမရ - ၅၄၀ မှ တရားလိုပြုလုပ်ပြီး သူ့အား မတရား အသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁)(၂) ဖြင့် မြောက်ဦးမြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။ ထိုစွဲချက်များသည် မေလကုန်တွင် ကျင်းပခဲ့သော ၂၁ ရာစု ပင်လုံညီလာခံကို ဆန့်ကျင်လျက်ရှိပြီး ခိုင်လုံသော အကြောင်းပြချက်မရှိပဲ ဖမ်းဆီး၊ ထိန်းသိမ်းထားခြင်းသည် တရားမဝင်ပါဟူသော နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေကို ချိုးဖောက်လျက်ရှိသည်။ ထို့ကြောင့် AAPP မှ အစိုးရအား နိုင်ငံသားများ၏ အခြေခံ လူ့အခွင့်အရေးဖြစ်သော လူတိုင်း ငြိမ်းချမ်းစွာ စုဝေးပိုင်ခွင့်နှင့် အသင်းအဖွဲ့များ ထူထောင်ဖွဲ့စည်းပိုင်ခွင့်ရှိသည်ဟူသည့် နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ပုဒ်မ ၂၀ ကို လေးစားလိုက်နာရန်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမျိုးသား ပြန်လည်သင့်မြတ်ရေးရရှိအောင် ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းပါသည်။ ပဋိပက္ခများကြောင့် တိုင်းရင်းသား ဒေသများတွင် နေထိုင်သူများသည် တပ်မတော်အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်နေရသည်။ ထို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များနှင့် ဆက်နွယ်သူများ ဖမ်းဆီးခံရခြင်းမရှိစေရန် AAPP မှ အစိုးရအား မတရားအသင်းအက်ဥပဒေကို ပြင်ဆင်၊ ဖြည့်စွက်ပါရန် အကြံပြုပါသည်။

.

**မေလအတွက် ဆောင်းပါးများကို AAPP ၏ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုနိုင်ပါသည်.**

မေလတွင်းတွင် လယ်သမားများသည် သိမ်းဆည်းခံလယ်ယာမြေအငြင်းပွားမှုများနှင့်ပတ်သက်ပြီး ဆက်လက်၍ မတရားဖမ်းဆီး၊ ပြစ်ဒဏ်ချမှတ်ခံနေရသည်။ မေလ ၁၁ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်တရားရုံးမှ နောင်ချိုမြို ့နယ် ဘန့်ဘွေးကျေးရွာအုပ်စု ကုန်းမုံကျေးရွာအတွင်း မြေယာအငြင်းပွားမှုပြဿနာကြောင့် အမှုရင်ဆိုင်နေရသော တောင်သူ ၁၂ ဦးအနက်မှ ရှစ်ဦးကို ပိုင်နက်ကျူးလွန်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၄၄၇ ဖြင့် ထောင်ဒဏ်တစ်လ၊ အကျိုးဖျက်စီးမှု၊ ရာဇသတ်ကြီး ပုဒ်မ ၄၂၇ ဖြင့် ထောင်ဒဏ်သုံးလ တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ၂၀၁၆ ခုနစ်၊ ဩဂုတ်လတွင် လုပ်ငန်းရှင်တစ်ဦး ဖြစ်သော ဦးစိုးသိန်းမှ ၎င်းပိုင်ခြံကွက်အတွင်းမှ ခြံစည်းရိုးတိုင်များကို ကုန်းမုံကျေးရွာမှ တောင်သူ ၁၂ ဦးမှ ဖျက်စီးသည့်အတွက် နောင်ချိုမြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ၁၉၉၂ ခုနစ်၊ စစ်အစိုးရလက်ထက်တွင် ကုံးမုံကျေးရွာမှ တောင်သူများ မူလဦးချလုပ်ကိုင်ခဲ့သော လယ်ယာမြေ ၂၄၂ ဧကကို ကော်ဖီစီမံကိန်းအတွက် သိမ်းဆည်းခဲ့သည်။ ထိုနောက်ပိုင်းတွင် လုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ချထားပေးခဲ့ပြီး လုပ်ငန်းရှင်များမှ သတ်မှတ်ဧက အတိုင်း စိုက်ပျိုးခြင်းမရှိသည့်အပြင် မြေကွက်များကို ကွက်စိတ်ရိုက်ခဲ့သည့်အတွက် တောင်သူများက ဝင်ရောက် လုပ်ကိုင်ရာမှ တရားစွဲဆိုခံရခြင်းဖြစ်သည်။ မေလ ၁၃ ရက်နေ့တွင် ထားဝယ်မြို့မရဲစခန်းမှ မိမိပိုင်လယ်ယာမြေများပေါ်တွင် ကုမ္ပဏီပိုင်မြေဟုဆိုကာ မြေဖို့ရန် ကြိုးစားခဲ့ခြင်းကို တားဆီးခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှ လယ်သမား ခုနစ်ဦးကို ရာဇသတ်ကြီးပုဒ်မများဖြစ်သော ပိုင်နက်ကျူးလွန်မှု ပုဒ်မ ၄၄၇၊ အကျိုးဖျက်ဆီးမှု ပုဒ်မ ၄၂၇ တို့ဖြင့် ဖမ်းဆီးခဲ့သည်။ ထိုနေ့တွင် ထိုလယ်သမား ခုနစ်ဦးသည် ကိုယ်ပိုင်ခံဝန်ဖြင့် လွတ်မြောက်လာခဲ့သည်။ ထိုမြေနေရာသည် ထားဝယ်မြို့ပြစီမံကိန်းဧရိယာ မြေဧက ၃၅၀ အတွင်းတွင် ပါဝင်နေသော မြေဖြစ်ပြီး ထားဝယ်အများပိုင်ကုမ္ပဏီ (DDPC)မှ ပုဂ္ဂလိကကျောင်း ဆောက်လုပ်ရန်အတွက် မြေဖို့ခြင်းဖြစ်သည်။ ဖမ်းဆီးခံရသူများထဲတွင် ပါဝင်သူ မရီထွေးမှ ၎င်းတို့၏ လယ်ယာမြေများကို မည်သည့် အချိန်က သိမ်းဆည်းခဲ့သည်ကို မသိရှိခဲ့ပါ၊ လျော်ကြေး တစ်ခုတရာလည်း မပေးခဲ့ပါဟု ပြောကြားခဲ့သည်။ လယ်ယာမြေ သိမ်းဆည်းခြင်းပြဿနာသည် မဖြေရှင်းနိုင်သော ကိစ္စရပ်တစ်ခု အဖြစ် ဆက်လက်ရှိနေဆဲဖြစ်သောကြောင့် လယ်သမားများသည် ကိုကိစ္စကို ကိုင်တွယ်ဆောင်ရွက်နိုင်မည့် အာဏာပိုင်များနှင့် ဆက်သွယ်ခွင့်ရရှိရန် ကြိုးစားလျက်ရှိသည်။ အငြင်းပွားနေသော မြေပေါ်တွင် မြို့နယ် အာဏာပိုင်များမှ အဆောက်အဦးများ ဆောက်လုပ်ရန် စီစဉ်နေမှုအပေါ် ဟန့်တားပေးရန် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်ရှိ လယ်သမားများမှ မေလ ၉ ရက်နေ့တွင် နိုင်ငံတော် အတိုင်ပင်ခံရုံးထံ စာပေးပို့ခဲ့သည်။ ၂၀၁၃ ခုနစ်ကတည်းက ထိုမြေနေရာများပေါ်၌ မြို့ပြ စီမံကိန်းကို ရေးဆွဲထားခဲ့ပြီး အစိုးရဌာနဆိုင်ရာရုံး ၃၄ ရုံး ရုံးတည်ဆောက်ရန် စီစဉ်ထားခဲ့သည်။ လယ်သမားများမှ ထိုစီမံကိန်းနှင့် ပတ်သက်ပြီး မည်သူမှ ၎င်းတို့အား အကြောင်းကြားခဲ့ခြင်း မရှိခဲ့ပဲ ထိုလယ်ယာမြေများပေါ်တွင် ဆက်လက် ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ခဲ့သည်။ ကန့်ကွက်မှုများရှိသော်လည်း ယင်းမြေနေရာများသည် မြို့ပြစီမံကိန်းအတွက် ရေးဆွဲလျာထားသည့်အတွက် မြေနေရာတိုင်းတာခြင်း၊ အဆောက်အဦးများဆောက်လုပ်ခြင်းများ ဆက်လက်လုပ်ဆောင်ရန်သာရှိသည်ဟု လွိုင်ကော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးမှ ပြောကြားခဲ့သည်။ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်မှ လယ်သမားများသည် သိမ်းဆည်းထားသော လယ်ယာမြေများကို တရားဝင် ပြန်လည်ရရှိရေးအတွက် အာဏာပိုင်များကို အမှုဖွင့် တိုင်ကြားခဲ့သည်။ ၂၀၁၂ ခုနစ်တွင် သိမ်းယူခဲ့သော လယ်ယာမြေဧက ၆၀၀ ခန့်နှင့် ပတ်သက်ပြီး ယခုကဲ့သို့ အမှု ဖြစ်ပွား နေခြင်းဖြစ်သည်။ ရှမ်းပြည်နယ်အစိုးရဟောင်းမှ ဟိုတယ်ဖုံဖွံ့ဖြိုးရေးအတွက် လယ်သမားများထံမှ လယ်ယာမြေများကို ၂၀၁၂ ခုနစ်တွင် ဝယ်ယူခဲ့သော်လည်း ယခုလက်ရှိတွင် စီးပွားရေးလုပ်ငန်းများထံသို့ ရောင်းချလျက်ရှိသည်။ ရှမ်းပြည်နယ်အစိုးရဟောင်းမှ လယ်ယာမြေများကို ဝယ်ယူချိန်က လယ်သမားများမှ သဘောမတူခဲ့ပါ၊ လုံလောက်သော လျော်ကြေးငွေလည်း မရရှိခဲ့ပါဟု ပြောကြားခဲ့သည်။ လယ်သမားများမှ သိမ်းဆည်းခံထားရသော လယ်ယာမြေများကို ပြန်လည်ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း တာဝန်ရှိသူများမှ လယ်သမားများ၏ တောင်းဆိုချက်များကို ဖြေရှင်းပေးနိုင်ရင်းမရှိခဲ့ပါ။ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၉၄ ခုနစ်တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် သိမ်းယူထားသော လယ်ယာမြေများအနက်မှ ဧက ၁၀၀ ထက်ကျော်လွန်၍ ပြန်လည် စွန့်လွှတ်မည် မဟုတ်ကြောင်း မေလ ၃၀ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်မှ ပြောကြားခဲ့သည်။ သိမ်းဆည်းလယ်ယာမြေများပေါ်တွင် တပ်မတော်၏ လယ်ယာမြေစီမံကိန်းမှ နှစ်စဉ် ကျပ် ၇၅ ဘီလီယံကျော် ရရှိခဲ့သည်။ ထိုလယ်ယာမြေများကို ထိုအချိန်က ဥပဒေနှင့်အညီ သိမ်းဆည်းခဲ့သောကြောင့် လျော်ကြေးပေးရန် အစီအစဉ်မရှိပါဟု လည်း ဒုတိယဝန်ကြီးမှ ထပ်လောင်း ပြောကြားခဲ့ သည်။ လယ်ယာမြေအငြင်းပွားမှုများနှင့် ပတ်သက်ပြီး ကိုင်တွယ်ဆောင်ရွက်မှုများ တိုးတက်လာခြင်းမရှိသောကြောင့် ဆန္ဒပြမှုများ ဆက်လက် မြင့်တက်လျက်ရှိသည်။ မေလ ၁၀ ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဒေါ်မူးကလကျေးရွာမှ လယ်သမားများသည် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး တပ်မတော်မှ သိမ်းဆည်းထားသော လယ်ယာမြေဧက ၉၀၀ ကျော်အား စွန့်လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ ၁၉၉၀ ခုနစ်တွင် စစ်တပ်မှ

.

ကယားပြည်နယ်၊ ကျေးရွာ ၁၃ ရွာမှ လယ်သမား ၂၆၄ ဦး ပိုင်ဆိုင်သော လယ်ယာမြေဧက ကိုးရာ ကျော်ကို သိမ်းဆည်းခဲ့သည်။ လယ်ယာမြေကော်မတီ ၏ ဥက္ကဋ္ဌဖြစ်သူ ခူ့ဦးရာယ်မှ တပ်မတော်မှ ၎င်းတို့ လိုအပ်သော လယ်ယာမြေများကို ယူထားနိုင်သော်လည်း အသုံးမပြုသော လယ်ယာမြေများကို ပြန်လည် စွန့်လွှတ်သင့်သည်ဟု ပြောကြားခဲ့သည်။ မေလတွင်း လယ်ယာမြေအရေးနှင့် ပတ်သက်ပြီး ဖြစ်ပွားခဲ့သော ဆန္ဒပြမှုများထဲမှ ထိုသတင်းစာရှင်းလင်းပွဲကို ဥပမာအနေဖြင့် ဖော်ပြခဲ့ခြင်းဖြစ်ပြီး အခြား ဆန္ဒပြမှုများကို AAPP ၏ အင်တာနက်စာမျက်နှာ၊ လစဉ် အစီရင်ခံစာတွင် ဖတ်ရှုနိုင်သည်။

သိမ်းဆည်းလယ်ယာမြေအရေးနှင့် ပတ်သက်ပြီး တင်းမာမှုများကြီးထွားလာခြင်းနှင့် ဆန္ဒပြမှုများတိုးလာခြင်းကြောင့် အာဏာပိုင်များမှ လယ်ယာမြေအငြင်းပွားမှုများကို အရေးယူဆောင်ရွက်ရန်နှင့် ပြေလည်အောင် ဖြေရှင်းပေးရန် ပထမ ဦးစားပေးအနေဖြင့် ချက်ချင်းဆောင်ရွက်သင့်သည်။ အထူးသဖြင့် အစိုးရမှ စတင်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်မှ လယ်သမားနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် AAPP မှ အစိုးရအား သိမ်းဆည်းလယ်ယာမြေအမှုများအားလုံးကို ဆန်းစစ်၊ သုံးသပ်ရန်၊ လယ်ယာမြေဥပဒေများကို ပြင်ဆင်ဖြည့်စွက်ရန်နှင့်၊ သို့မဟုတ် ဖျက်သိမ်းရန် တရားမဝင်၊ မတရားသိမ်းဆည်းထားသော လယ်ယာမြေများအတွက် လုံလောက်သော လျော်ကြေးငွေ ပေးနိုင်ရန်အတွက် လယ်သမားများနှင့် ဦးစွာ ဆွေးနွေးသင့်သည်ဟု တိုက်တွန်းပါသည်။

လူပုဂ္ဂိုလ်များအား လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ကျင့်သုံးခြင်းမှ အဟန့်အတားဖြစ်စေရန်အတွက် အသရေဖျက်မှု ဥပဒေများဖြစ်သည့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၀ တို့အား ဆက်လက် အသုံးပြု လျက်ရှိသည်။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကြား ဖြစ်ပွားနေသော ပဋိပက္ခများကို ပြဇာတ်ကပြခဲ့ပြီး နောက် စစ်ပွဲအလိုမရှိပြဇာတ်ကပြခဲ့သော ကျောင်းသား ကိုးဦးအနက် အဓိက ဇာတ်ဆောင်နှစ်ဦးဖြစ်သော ကိုအောင်ခန့်ဇော်နှင့် ကိုမြတ်သူထက်တို့အား ပုသိမ်မြို့နယ်တရားရုံးမှ တပ်မတော်အား အသရေဖျက်ခြင်းအတွက် ရာဇသတ်ကြီး ပုဒ်မ ၅၀၀ ဖြင့် မေလ ၁၂ ရက်နေ့တွင် စွဲချက်တင်ခဲ့သည်။ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ စစ်ဦးစီး ပထမတန်း ဒုဗိုလ်မှူးကြီးအောင်မျိုးခိုင်မှ တရားလို ပြုလုပ်၍ တိုင်တန်းခဲ့ခြင်းဖြစ်ပြီး ၎င်းမှ ကျောင်းသားများသည် တပ်မတော် နှင့် ၎င်းတို့မိသားစုဝင်များ၏ ဂုဏ်သိက္ခာကို ထိခိုက်အောင်ပြု လုပ်ခဲ့သည်ဟု ပြောကြားခဲ့သည်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ တို့အား လူမှုကွန်ရက် စာမျက်နှာတွင် အသရေဖျက်ခဲ့ခြင်းအတွက် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆိုခံခဲ့ရသော ဦးနွေဦးကိုကိုအား ပုသိမ်မြို့နယ် တရားရုံးမှ မေလ ၉ ရက်နေ့တွင် ထောင်ဒဏ်ခြောက်လ ချမှတ်ခဲ့သည်။ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် NLD ချောင်းသာကျေးရွာတာဝန်ခံ ဒေါ်အေးအေးအောင်မှ ဦးနွေဦးကိုကိုအား ချောင်းသာမြို့နယ်ရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။ ဖေဖော်ဝါရီလတွင် တရားလို ဒေါ်အေးအေးအောင်သည် ပုသိမ်သူအမည်ရှိ လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်သော စာသားများရေးသား၍ ဆဲဆိုထားသည် ကိုတွေ့ရှိခဲ့သောကြောင့် ဦးနွေဦးကိုကို အား အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ မေလ ၂၆ ရက်နေ့တွင် ပဲခူးမြို့နယ် တရားရုံးမှ မစန္ဒီမြင့်အောင်အား နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား လူမှုကွန်ရက်စာမျက်နှာတွင် စော်ကား ရေးသားခဲ့ခြင်းအတွက် ဆက်သွယ်ရေးဥပဒေ ၆၆(ဃ)ဖြင့် ထောင်ဒဏ် ခြောက်လ ချမှတ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို မေးခွန်းထုတ်ထားသော သရော်စာဆောင်းပါးနှင့် ပတ်သက်ပြီး တပ်မတော်မှ အမှုဖွင့်ထားကြောင်း ဧပြီလ ၂၅ ရက်နေ့တွင် မြန်မာစာနယ်ဇင်းကောင်စီမှ The Voice Daily သတင်းစာသို့ အကြောင်းကြားခဲ့သည်။ ထိုသရော်စာအား ဆောင်းပါးရှင် ဗြိတိသျှ ကိုကိုမောင် ခေါ် ကိုကျော်စွာနိုင်မှ ပြည်တွင်းစစ် ရပ်စဲစေရန် ရည်ရွယ်၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား သရော် ရေးသားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရေးသားခဲ့ ခြင်းဖြစ်သည်။ ယင်းဆောင်းပါးအား မတ်လ ၂၆ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။ သို့သော်လည်း တပ်မတော်မှ ထိုသရော်စာကြောင့် တပ်မတော်၏ ပုံရိပ်ကို ထိခိုက်စေမည်ကို စိုးရိမ်ခဲ့ပြီး တပ်တွင်း စည်းလုံးမှုပြိုကွဲမည်ကို စိုးရိမ်လျက်ရှိသည်။ မေလ ၁၇ ရက်နေ့တွင် သရော်စာဆောင်းပါး နှင့်ပတ်သက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတွင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေးနိုင်ရန် ကြိုးစားနေစဉ် ယင်းနေ့တွင်ပင် ကိုကျော်မင်းဆွေနှင့် ကိုကိုမောင်တို့သည် ဗဟန်းမြို့နယ် ရဲစခန်းသို့လာရောက်ရန် ဆင့်ခေါ်စာရရှိခဲ့သည်။

အထက်ပါအမှုကိစ္စများကို ကြည့်ခြင်းအားဖြင့် အခြေခံ အခွင့်အရေးဖြစ်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)ပုဒ်မ ၁၉ သည် ဆက်လက် ချိုးဖောက်ခံနေရလျက်ရှိသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးလျက်ရှိသော

.

လူပုဂ္ဂိုလ်များအား အဟန့်အတားဖြစ်စေရန် ဆက်သွယ်ရေးဥပဒေအား အသုံးပြုနေခြင်းကို ပြန်လည်စိစစ်ပါရန် AAPP မှ အကြံပြုတိုက်တွန်းပါသည်။ အသရေဖျက်မှုစင်စစ်များ ဖြစ်ပွားကောင်းဖြစ်ပွားမည်ကို AAPP မှ အသိအမှတ်ပြုလက်ခံသော်လည်း (သိရှိသော် လည်း) ပုဒ်မ ၆၆(ဃ)၏ ရှင်းလင်းမှုမရှိသော ဖော်ပြချက်ကြောင့် မလိုအပ်သည့် တရားရင်ဆိုင်ခြင်းမပြုမီ ထိန်းသိမ်းထားခြင်းနှင့် မသင့်လျော်သည့် ပြစ်ဒဏ်ချမှတ်မှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်။ ထိုအခြင်းအရာကို ကိုင်တွယ်ဆောင်ရွက်ရန် အသရေဖျက်မှု ဥပဒေများအား ပြင်ဆင် ဖြည့်စွက်ရန် အကြံပြုပါသည်။ ပြည်ထောင်စု ရှေ့နေချုပ်ရုံး အမြဲတမ်း အတွင်းဝန် ဒေါ်နနယဉ်မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဆက်သွယ်ရေး ဥပဒေကြမ်းတင်ပြလာမှုအပေါ် ပြည်ထောင်စုရှေ့ နေချုပ်ရုံးမှ စိစစ်အကြံပြုခဲ့ကြောင်း ပြောကြားခဲ့သည်။ အကြံပြုချက်များထဲမှ တစ်ချက်တွင် ရာဇဝတ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုခံရသူ များကို ဝန်ကြီးဌာနမှ အာမခံခွင့်ပြုရမည်ဟု အကြံပြုထားသည်။ ထိုကဲ့သို့ ပဏာမခြေလှမ်း အဖြစ် စတင် ဆောင်ရွက်လာမှုကို AAPP မှ ကြိုဆိုပြီး အစိုးရအား အကြံပြုချက်များကို လိုက်နာရန်နှင့် ဒီမိုကရေစီဖြစ်စဉ်ကို ပျက်စီးစေသော ဥပဒေများကို အမြန်ဆုံး ပြင်ဆင်ရန်နှင့် သို့မဟုတ် ဖျက်သိမ်းရန် တိုက်တွန်းပါသည်။

အစိုးရသစ်လက်ထက်တွင်လည်း နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးများကို ဆက်လက် ဖိနှိပ်ထားလျက်ရှိသည်။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် အက်ဥပဒေနှင့် လွတ်လပ်စွာ စုဝေးခွင့်အက်ဥပဒေသည် ငြိမ်းချမ်းစွာဆန္ဒ ပြမှုနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာ စာတမ်း(UDHR) ပုဒ်မ ၂၀ တို့ကို တရားမဝင်သဖွယ် ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် မကွေးဆေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားတစ်ဦးဖြစ်သူ ကိုဉာဏ်မျိုးအောင်သည် ပြည်တွင်းစစ်ချက်ချင်းရပ်၊ စစ်အာဏာရှင်စနစ် ကျရှုံးပါစေ ဟူသော စာတန်းပါရှိသည့် စာရွက်ကို ကိုင်ဆောင်ပြီး မကွေးမြို့တော်ခန်းမရှေ့၌ ဆန္ဒပြခဲ့သော ကြောင့် မေလ ၂ ရက်နေ့တွင် ဒဏ်ငွေ သုံး သောင်း သို့မဟုတ် ထောင်ဒဏ် ၁၅ ရက်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ကိုဉာဏ်မျိုးအောင်မှ သူသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ထားခြင်းအား ဆန္ဒပြခြင်းဖြစ်သည်ဟု ပြောကြားခဲ့ သည်။ မေလ ၂၆ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်မှ ကုန်တင်၊ ကုန်ချ အလုပ်သမားနှစ်ဦးဖြစ်သူ ကိုမျိုးသန့် နှင့် ကိုသိန်းဇော်တို့သည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ (၁၈) ဖြင့် အမှုဖွင့်ခြင်းခံခဲ့ရသည်။ စစ်ကိုင်းတိုင်း အစိုးရအဖွဲ့မှ ဝန်ကြီးများအား ခွင့်ပြုချက်မရှိပဲ ကြိုဆိုခဲ့ခြင်းအတွက် မြို့နယ်ရဲမှူး သန်းယုမောင်မှ တရားလိုပြုလုပ် ကာ ၎င်းတို့အား အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ကိုမျိုးသန့်နှင့် ကိုသိန်းဇော်တို့ဦးဆောင်သော ကုန်ချအလုပ်သမား ၂၀ ခန့်သည် ဝန်ကြီးများအား ကြိုဆိုပါ၏၊ ၂၁ ရာစုပင်လုံညီလာခံကို ထောက်ခံပါ၏၊ ငြိမ်းချမ်းရေးဖော်ဆောင်နေသော အဖွဲ့အစည်းများအား ကျေးဇူးတင်ပါ၏၊ ကုန်တင်ကုန်ချအလုပ်သမားရုံးအား ပါတီတစ်ခုမှ သိမ်းဆည်းထားခြင်းအား အရေးယူပေးပါရန် စသည့်အချက်များ ကို ဆိုင်းဘုတ်များဖြင့် ကိုင်ဆောင်ကာ ကြိုဆိုခဲ့ကြသည်။ မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားသော တောင်သူ လယ်သမား ဆွေးနွေးပွဲ ပိတ်ပင်ခြင်းခံခဲ့ရခြင်းအတွက် မန္တလေးတိုင်းဒေသကြီးရှိ လယ်သမားများမှ မန္တလေး မြို့တော်ဝန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ညွှန်ကြားရေးမှူး၊ ပြင်ဦးလွင်ခရိုင် မြို့တော်စည်ပင်သာယာရေး ကော်မတီ လက်ထောက် ညွှန်ကြားရေးမှူးတို့ကို တရားစွဲဆိုရန် စီစဉ်လျက်ရှိသည်။ မေလ ၁၆ ရက်နေ့တွင် လယ်သမား တစ်ထောင်ကျော်သည် လယ်ယာမြေသိမ်းဆည်းခြင်းကဲ့သို့သော လယ်သမားရေးရာကိစ္စ များကို ဆွေးနွေးရန် စီစဉ်ထားခဲ့ သော်လည်း ပြင်ဦးလွင် စည်ပင်သာယာရေးကော်မတီ၊ အထွေထွေ အုပ်ချုပ်ရေးမှူး ဦးလှမျိုးမှ ဦးဆောင်စီစဉ်သူများအား ခန်းမအား အသုံးပြုရန် ခွင့်ပြုချက်တောင်းခံခြင်းမရှိသောကြောင့် ဆွေးနွေးပွဲအား ဖျက်သိမ်းရန် ဖိအားပေးခဲ့သည်။

ထိုဖြစ်ရပ်များမှ လွတ်လပ်စွာ စုဝေးခွင့်နှင့် အသင်းအဖွဲ့ဖွဲ့ခွင့်တို့ကို ဆက်လက် ချိုးဖောက်လျက်ရှိသည်ကို ထင်ရှားစွာ ပြသလျက် ရှိပြီး အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုလည်း နှောင့်နှေးစေသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာ စာတမ်း(UDHR) နှင့်အညီ ဆောင်ရွက်ခြင်းသည် စစ်မှန်သော ဒီမိုကရေစီ လူ့အဖွဲ့အစည်းဆီသို့လျှောက်လှမ်းမည့် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် AAPP မှ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် အက်ဥပဒေကို ဖိနှိပ်ထားသည့်လက်နက်သဖွယ် အသုံးပြုလျက်ရှိသည်ကို ရှုံ့ချပြီး ထိုဥပဒေအား အမြန်ဆုံး ပြင်ဆင်ဖြည့်စွက်ပါ ရန် တောင်းဆို တိုက်တွန်းအပ်ပါသည်။

.

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံညီလာခံကို ကြိုဆိုသောအားဖြင့် နိုင်ငံတော်သမ္မတသည် အကျဉ်းေ ထောင် အသီးသီးတွင် အကျဉ်းကျခံနေသော အကျဉ်းသားများအား ပြစ်ဒဏ်မှ လွတ်ငြိမ်း ချမ်းသာခွင့်ပြုခဲ့သည်။ အကျဉ်းသား စုစုပေါင်း ၂၅၉ ဦး လွတ်မြောက်ခဲ့ပြီး ထိုထဲတွင် နိ ုင်ငံရေးအကျဉ်းသား ၈၉ ဦး ပါဝ င်သည်။ လွတ်မြောက်လာသော အကျဉ်းသားများထဲတွင် လူဝင်မှုကြီးကြပ်ရေး၊ မတရားအသင်း စွဲချက်များဖြင့် ၂၀၁၆ ခုနှစ်တွင် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော ကိုဇော်ဇော်လတ်နှင့် မပွင့်ဖြူလတ်၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် ဆက်သွယ်ရေး ဥပဒေ၊ ပုဒ်မ ၆၆(ဃ)ဖြင့် ပြစ်ဒဏ် ချမှတ်ခံခဲ့ရသော ကိုလှဘု န်း၊ ဧပြီလတွင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ပုဒ်မ ၁၉ ဖြင့် ဖမ်းဆီး၊ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော မန္တလေးမှ ကျောင်းသား လေးဦးတို့ပါဝင်သည်။ မေလ ၁၇ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားဟောင်း၊ ဗမာနိုင်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ABSFU) အဖွဲ့ဝင်ဟောင်း ကိုသန်းထိုက်သည် အာမခံဖြင့် လွတ်မြောက်ခဲ့သည်။ မေလ ၁၁ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်ရဲစခန်းမှ သူ့ အား တရားရုံးအား မထီမဲ့မြင်ပြုမှု၊ ရာဇသတ်ကြီးပုဒ်မ ၂၂၈ ဖြင့် ဖမ်းဆီးခဲ့သည်။

> • • •
>
> **"အကျဉ်းသား စုစုပေါင်း ၂၅၉ ဦး လွတ်မြောက်ခဲ့ပြီး ထိုထဲတွင် နိုင်ငံရေးအကျဉ်းသား၈၉ ဦး ပါဝင်သည်"**
>
> • • •

AAPP မှ ထိုလွတ်မြောက်မှုများကို ကြိုဆိုသော်လည်း နိုင်ငံရေးအကျဉ်းသား ၄၀ ဦးသည် ထောင်တွင်းတွင် ဆက်လက် အကျဉ်းကျခံနေရဆဲဖြစ်ပြီး ၂၀၉ ဦးသည် အမှုရင်ဆိုင်နေရဆဲဖြစ်သည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း အစိုးရအား ဆန့်ကျင်သူများသည် ဆက်လက် ဖမ်းဆီး၊ ပြစ်ဒဏ်ချမှတ်ခံနေရပြီး ထိုအခြင်းအရာမှ အစိုးရမှ အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိသော အမျိုးသားပြန်လည် သင့်မြတ်ရေး လုပ်ငန်းစဉ်နှင့် ကွဲလွဲ ဆန့်ကျင်လျက်ရှိသည့်ပြင် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ မရှိဟု မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) ၏ ပြောကြားချက်နှင့်လည်း ကွဲလွဲ ဆန့်ကျင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်ဆုံးလွှတ်ပေးရန် တောင်းဆိုပြီး အစိုးရနှင့် လွှတ်တော်တို့အား ရှင်းလင်းသော နိုင်ငံရေး အကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုချက် သတ်မှတ်ရန် တိုက်တွန်းအပ်ပါသည်။ ၂၀၁၆ ခုနှစ်၊ ဇန္နဝါရီတွင် NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးထွန်းထွန်းဟိန်မှ ပါတီ အာဏာလွှဲပြောင်းရယူပြီးလျှင် နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သတ်မှတ်ပေးမည်ဖြ စ်ပြီး နိုင်ငံရေးလှုပ်ရှားမှုများအတွက် မည်သူကိုမှ ဖမ်းဆီး လိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ အာဏာလွှဲပြောင်းရယူပြီး ကတည်းက အစိုးရသည် နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ရန် နှစ်ကြိမ်တိုင်ငြင်းပယ်ခဲ့ပြီး နိုင်ငံရေးလှုပ်ရှားသူများကို ဆက်လက် ဖမ်းဆီး၊ ထိန်းသိမ်းလျက်ရှိသည်။ AAPP နှင့် နိုင်ငံရေးအကျဉ်းသားများအဖွဲ့ (FPPS)၊ ၈၈ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် အလုပ်ရုံဆွေးနွေးပွဲမှ နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ်ဖွင့်ဆိုချက် ဝေါဟာရ ကို သတ်မှတ်ပြီးဖြစ်ပြီး AAPP ၏ အင်တာနက်စာမျက်နှာ တွင် ဝင်ရောက်ဖတ်ရှုနိုင်သည်။ ထို့ကြောင့် AAPP မှ အာဏာပိုင်များအား နိုင်ငံရေးအကျဉ်းသား အရေးနှင့် ပတ်သတ်ပြီး ကတိပြုထားမှုကို ကိုင်တွယ် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မြန်ဆန်စွာ သတ်မှတ်ေ ပးရန် အကြံပြုပါသည်။ ထို့ပြင် ၂၀၁၅ ခုနှစ်တွင် ဖျက်သိမ်းခဲ့သော လက်ကျန် နိုင်ငံရေးအကျဉ်းသား စိစစ်ရေး ကော်မတီကို ပြန်လည်ဖွဲ့စည်းရန် AAPP မှ တောင်းဆိုပြီး နိုင်ငံရေးအကျဉ်းသားဟောင်းများ ပါဝင်နိုင်ရန်အတွက်ကိုလည်း တောင်းဆိုပါသည်။

မေလတွင်းတွင် လူ့အခွင့်အရေးအခြေအနေများထဲမှ တိုးတက်မှုတချို့ရှိလာသည်ကို တွေ့မြင်နိုင်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသတွင်းကြီးရှိ လယ်သမားများသည် သိမ်းဆည်းခံထားရသော လယ်ယာမြေများထဲမှ လယ်ယာမြေတချို့ကို ပြန်လည်ရရှိခဲ့သည်။ မူလတောင်သူများထံသို့ လယ်ယာမြေများ ခွဲဝေ၍ ဆက်လက် ပေးအပ်လျက်ရှိ သော်လည်း မဖြေရှင်းနိုင်သော သိမ်းဆည်း လယ်ယာမြေ အငြင်းပွားမှုများနှင့် နှိုင်းယှဉ်လျှင် လွန်စွာ နည်းပါးလျက်ရှိသည်။ အစိုးရသစ်လက်ထက်တွင် စစ်ဘက်မှ အရပ်ဘက်သို့ အဆင့်မြင့် ရာထူးများဖြင့် ကူးပြောင်း တာဝန် ထမ်းဆောင်သူများကို ထပ်မံခန့်အပ်ခြင်းမျိုး မရှိ တော့ပဲ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ေ ဆာင်ရွက်လျက်ရှိသည်။ AAPP မှ ထိုကဲ့သို့ ပြုပြင်ပြောင်းလဲမှုအား ကြိုဆိုပါသည်။

.

**မေလအတွက် ဆောင်းပါးများကို AAPP ၏ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုနိုင်ပါသည်**

အစိုးရသည် အမျိုးသား ပြန်လည်သင့်မြတ်ရေး ရရှိရန်နှင့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်အတွက် အမျိုး မျိုးသော လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများသည် ဆက်လက်ဆိုးရွားလျက်ရှိနေဆဲပင် ဖြစ်သည်။ စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များကြား ပဋိပက္ခများ ပိုမို ပြင်းထန်လာခြင်း၊ လယ်ယာမြေ အခွင့်အရေး ချိုးဖောက်ခံရမှုများ ဆက်လက်ရှိနေခြင်း၊ နိုင်သားများ၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် နိုင်ငံရေးနှင့် နိုင်ငံသား အခွင့်အရေးများကို ကန့်သတ်ထားမှုများ ဆက်လက်ရှိနေခြင်းတို့ကို အထက်ပါအဖြစ်အပျက်များမှ တွေ့မြင်နိုင်သည်။ ထို့ကြောင့် AAPP မှ အစိုးရအား နိုင်ငံသားများ၏ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးကို ကာကွယ်ပေးရန်အတွက် ဖိနှိပ်ထားသော ဥပဒေများကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ဖြည့်စွက်ခြင်းကို ဦးစားပေးနေဖြင့် ဆောင်ရွက်ပါရန် တိုက် တွန်းပါသည်။ ထိုသို့ ပြင်ဆင်ဖြည့်စွက်ခြင်းအားဖြင့် အမျိုးသား ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်ရေးကို အထောက်အကူဖြစ်စေပါသည်။ ထိုမျှသာမက လက်ကျန် နိုင်ငံရေး အကျဉ်းသားများကို ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်လည်း တိုက်တွန်း ပါသည်။

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁**
**ဦးဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁၉ ၆၂၈ ၇၁၃**
**ဦးအောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၉၄၂ ၈၁၁ ၇၃၄၈**

.